ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

အမိန့်ကြော်ငြာစာ

အမှတ်၊ ၁၃၉ / ၂၀၂၃

နေပြည်တော်၊ ၁၃၈၅ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်

(၂၀၂၃ ခုနှစ် ဩဂုတ် လ ၃၀ ရက်)

**လစာခေါင်းစဉ်မှအပ ငွေထုတ်ပေးရန်တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင် ပင်ရင်းမှနုတ်ယူ ပေးသွင်းရန်မလိုအပ်သည့် ပေးချေငွေအမျိုးအစားသတ်မှတ်ခြင်း**

၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လစာခေါင်းစဉ်မှအပ ပေးချေငွေအမျိုးအစားများနှင့်စပ်လျဉ်း၍ ငွေထုတ်ပေးရန်တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင် သတ်မှတ်ရာခိုင်နှုန်းများအလိုက် ကျသင့်သောဝင်ငွေခွန်ကို နုတ်ယူပေးသွင်းရန် ၁၈-၆-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၈ ဖြင့် ဖော်ပြပါရှိပါသည်။

၂။ ယင်းအမိန့်ကြော်ငြာစာ၏ အပိုဒ် ၇ အပိုဒ်ခွဲ (က) တွင် "ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ပြည်ထောင်စုအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် လိုအပ်ပါက ပေးချေငွေအမျိုးအစားတစ်ရပ်ရပ်အတွက် ပင်ရင်းမှနုတ်ယူပေးသွင်းရန် မလိုအပ်ကြောင်း သတ်မှတ်ပေးနိုင်သည်" ဟူ၍ ပြဋ္ဌာန်းထားပါသည်။

၃။ အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်အရ ငွေထုတ်ပေးရန်တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင် ပင်ရင်းမှနုတ်ယူပေးသွင်းရန် မလိုအပ်သော ပေးချေငွေအမျိုးအစားကို အောက်ပါအတိုင်းသတ်မှတ်လိုက်သည်-

**"အောင်ဘာလေထီလက်မှတ်အား အွန်လိုင်း (Online) စနစ်ဖြင့် ထီလက်မှတ် လစဉ်ရောင်းချရသည့် ရောင်းရငွေ၏ ၂ ရာခိုင်နှုန်းကို ဝန်ဆောင်မှုဆောင်ရွက်ခအဖြစ် ပေးချေငွေများ"**

၄။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

(မင်းထွဋ်)

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၂)/ ဥစ-၁/ ပတခ/၂၀၂၃ (၆၆၀၆)

ရက် စွဲ၊ ၂၀၂၃ ခုနှစ် ဩဂုတ် လ ၃၀ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
မြန်မာနိုင်ငံစာရင်းကောင်စီ
အခွန်အယူခံခုံအဖွဲ့
ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး